# သင့်အတွက် ဘာတွေ အရေးကြီးသလဲ။

## နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် သင့်အတွက် သင့်လျော်မှုရှိမရှိ ဆုံးဖြတ်ခြင်း

**စကားပြောဆိုမှု လမ်းညွှန်**



ဤလမ်းညွှန်ချက်သည် လူနာများအား
နာတာရှည်ဆေးရုံဝန်ဆောင်မှုနှင့်ပတ်သက်သည့် ၎င်း
တို့၏တန်ဖိုးများ၊ ရည်မှန်းချက်များနှင့် ယုံကြည်ချက်များကို
စူးစမ်းလေ့လာရန်အတွက် တွန်းအားပေးရန် ရည်ရွယ်ပါသည်။
စကားပြောခြင်း နည်းစနစ်များကို ပြောင်းလဲခြင်းသည်
DR.KEN RESNICOW ရေးသားထားသော စိတ်အားထက်သန်သော
အင်တာဗျူးလမ်းညွှန်ချက် အပေါ်အခြေခံထားသည်

# စကားဝိုင်းစတင်ခြင်း

> ဤနေရာတွင် စဉ်းစားစရာအများကြီးရှိပါသည်။
>
> သင်ဆန္ဒရှိသလောက် အချိန်ကြာမြင့်စွာ ကျွန်ုပ်တို့ စကားပြောဆိုနိုင်ပါသည်။
>
> ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပြောဆိုခြင်းကို သင့်ဆန္ဒအတိုင်း အချိန်မရွေး ရပ်တန့်နိုင်ပါသည်။*

**နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုတာ ဘာလဲ။**

နာတာရှည်ဆေးရုံဝန်ဆောင်မှု၏ ရည်မှန်းချက်မှာ သင်၏နောက်ဆုံးလက်ကျန်လများ၊ ရက်သတ္တပတ်များနှင့် နေ့ရက်များကို ပိုမိုကောင်းမွန်သည့် လူမှုဘဝနေထိုင်မှုဖြင့် ဖြတ်သန်းသွားနိုင်စေရန်ဖြစ်သည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုက သင့်အတွက် အရေးကြီးဆုံးအရာများကို သင်စိတ်အေးချမ်းသာစွာဖြင့် အာရုံစိုက်၍ လုပ်ဆောင်စေနိုင်သည်။ သင် နာတာရှည်ဆေးရုံဝန်ဆောင်မှုကို လက်ခံရယူနေစဉ်တွင် သင်သည် အရည်အသွေးအမြင့်ဆုံးသော ဆေးကုသမှုကို လက်ခံရရှိနေပါမည်။ စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အထောက်အပံ့များကိုလည်း ရရှိပါမည်။ သင့်မိသားစုသည်လည်း ပြုစုစောင့်ရှောက်မှုဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ဘာသာရေးဆိုင်ရာ အထောက်အပံ့များကို ရရှိနိုင်ပါမည်။

နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ဘဝနေဝင်ခါနီးအချိန်ရောက်နေသူများအတွက် ကင်ဆာဆေးသွင်းကုထုံးနှင့် ဓာတ်ရောင်ခြည်ကဲ့သို့သော ကုသမှုများအစား စောင့်ရှောက်မှု၊ နှစ်သိမ့်မှုနှင့် ပံ့ပိုးမှုများကို အလေးပေးဆောင်ရွက်ပေးပါသည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ဤကာလအတွင်း ဝေဒနာခံစားရမှုကို ထိန်းချုပ်ပေးခြင်း နှင့် စိုးရိမ်ပူပန်မှုကို လျှော့ချပေးခြင်းကဲ့သို့သော ကိစ္စရပ်များစွာကို လုပ်ဆောင်ပေးနိုင်သည်။ အဓိကအာရုံစိုက်ထားသည်မှာ သက်တောင့်သက်သာနဲ့ ဂုဏ်သိက္ခာရှိရှိနေထိုင်ပြီး အသက်ပိုရှည်ရှည် နေနိုင်ခွင့် ရရှိစေရန်ဖြစ်သည်။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုကို မည်သည့်နေရာတွေမှာ ပံ့ပိုးပေးသလဲ။**

နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုင်ရာ စောင့်ရှောက်မှုကို အများအားဖြင့် သင့်အိမ်၊ သို့မဟုတ် မိသားစုဝင်တစ်ဦး၏အိမ် သို့မဟုတ် သူငယ်ချင်းတစ်ဦး၏အိမ်တွင် ပံ့ပိုးပေးသည်။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုအတွက် ဘယ်လိုငွေပေးချေရမည်နည်း။**

ဝန်ဆောင်မှုအများစုသည် “Medicare”၊ “Medicaid” နှင့် ပုဂ္ဂလိကအာမခံများဖြင့် အကျုံးဝင်သော်လည်း သင့်အိတ်ထဲမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်များလည်း ရှိကောင်းရှိနိုင်ပါသည်။ သင်၏ငွေပေးဆောင်နိုင်မှုအပေါ်အခြေခံပြီး မည်သည့်နာတာရှည်ဆေးရုံဝန်ဆောင်မှုကမှ သင့်အား ငြင်းပယ်၍မရပါ။ နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ရွေးချယ်နိုင်ခွင့်တစ်ခုသာဖြစ်သည်။ သင် သတ်မှတ်ချက်ပြည့်မီနေသရွေ့ နာတာရှည်ဆေးရုံဝန်ဆောင်မှုစောင့်ရှောက်မှုတွင် သင် ရှိနေနိုင်ပါသည်။ မည်သည့်အကြောင်းကြောင့်မဆို သင့်ဘက်က အချိန်မရွေးပယ်ဖျက်နိုင်ပါသည်။

*မှတ်ချက်- လူနာလိုအပ်သလောက် အချက်အလက်များများ သို့မဟုတ် အနည်းငယ်သာပေးပါ။

# စူးစမ်းလေ့လာခြင်း နှင့် နားလည်သဘောပေါက်ခြင်း

> သင်သိထားသည့်အတိုင်း ဤနေရာတွင် ဟုတ်သည် သို့မဟုတ် မဟုတ်သည် ဟုသာ ဖြေဆိုရမည့်မဟုတ်ပါ။
>
> သင့်အကြောင်း အနည်းငယ်နှင့် သင်ခံစားနေရသည့် ကင်ဆာရောဂါအကြောင်းကို ကျွန်ုပ်အား ပြောပြပါ။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ကျွန်ုပ်အတွက် သင့်လျော်မှု ရှိမရှိကို မည်ကဲ့သို့ သိနိုင်မည်နည်း။**

နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် သင်နှင့် သင့်မိသားစုအတွက် သင့်လျော်မှုရှိမရှိ ဆုံးဖြတ်ရန်မှာ လွယ်ကူမည်မဟုတ်ပါ။ ဤအချိန်ကာလအတွင်း မိသားစုများအတွက် ပြင်းထန်သော စိတ်ခံစားမှုများ ခံစားရခြင်းသည် အထူးအဆန်းမဟုတ်ပါ။ နာတာရှည်ဆေးရုံဝန်ဆောင်မှုကို ရယူရန်လိုအပ်သည့်အကြောင်းကို သင့်မိသားစုဝင်များအား ပြောပြရန် အဆင်သင့်မဖြစ်သေးဟု သင်ခံစားရနိုင်ပါသည်။ သဘောထားကွဲလွဲမှု၊ မသေချာမရေရာမှုနှင့် စိတ်ပျက်မှုများကို သင်ခံစားရနိုင်ပါသည်။ သင်သည် စိုးရိမ်ပူပန်မှု၊ စိတ်ထိခိုက်မှုနှင့် ကြောက်ရွံ့မှုတို့ဖြင့် ရှုန်းကန်နေရနိုင်ပါသည်။

စဉ်းစားရန်- သင်သည် အောက်ပါတို့ကို ခံစားနေရပုံပေါ်သည်-

**တစ်ယောက်တည်း**
**ကြောက်ရွံ့ခြင်း**
**မျှော်လင့်ချက်ကင်းမဲ့ခြင်း**
**အားအင်ကင်းမဲ့နေခြင်း**
**မသေချာမရေရာခြင်း**
**စိတ်ဓာတ်ကျခြင်း**
**စိတ်ပျက်အားငယ်ခြင်း**
**စိတ်ထိခိုက်ခြင်း**
**ရုန်းကန်နေရခြင်း**
**မိသားစုကို စိတ်မချမ်းမသာမဖြစ်စေလိုခြင်း**
**အားအင်ကုန်ခမ်းခြင်း**
**စိတ်ထိခိုက်ခြင်း**
**လမ်းပျောက်နေခြင်း**
**ပင်ပန်းတယ်**

စကားအစ်အောက်ကြည့်ခြင်း- ဘာ့ကြောင့် ဒီလိုပြောရတာလဲ။

စကားအစ်အောက်ကြည့်ခြင်း- အဲဒီလိုဆိုရင်ရော မင်းအတွက် ဘယ်လိုနေမလဲ။

# စကားဝိုင်းကို အရေးကြီးသော စံနှုန်းများဖြင့် ဘောင်ခတ်ထားပါ။

> မင်းနဲ့မင်းမိသားစုအတွက် အရေးကြီးဆုံးက ဘာလဲဆိုတာကို နည်းနည်းလောက် ပြောပြပါ။

စကားအစ်အောက်ကြည့်ခြင်း- မင်းဘဝနောက်ဆုံးအချိန်မှာ မင်းလိုချင်တဲ့ အရေးကြီးတဲ့ အရာတချို့က ဘာတွေလဲ။ အဲဒါကိုရအောင် လုပ်နိုင်မယ်လို့ ကိုယ့်ကိုယ်ကိုဘယ်လောက် ယုံကြည်ထားလဲ။

စကားအစ်အောက်ကြည့်ခြင်း-  နာတာရှည်ဆေးရုံဝန်ဆောင်မှုနှင့်ပတ်သက်ပြီး သီးခြားမေးချင်တာများရှိလား။

စဉ်းစားရန်- နာတာရှည်ဆေးရုံဝန်ဆောင်မှုအကြောင်းပြောရသည်မှာ သင့်အတွက် သိပ်အဆင်မပြေဖြစ်နေသည်ပုံပေါ်နေပါသည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုအကြောင်းစဉ်းစားရာတွင် သင့်အတွက် အခက်အခဲဖြစ်နေပုံပေါ်နေပါသည်။

ဘဝခရီး၏နောက်ဆုံးအချိန်ကို စဉ်းစားကြသည့်အခါတွင် လူတွေက အောက်ဖော်ပြပါအရာတွေကို ပြောလေ့ရှိပါသည်။

- “ငါ ချစ်ခင်ရတဲ့လူအားလုံးကို နှုတ်ဆက်စကားပြောချင်တယ်။ ပင်လယ်ကြီးကိုနောက်ဆုံးအနေနဲ့သွားကြည့်ချင်တယ်။ သီချင်းတွေနားထောင်ချင်တယ်။ ပြီးရင် လူ့လောကထဲကနေ ထွက်သွားတော့မယ်။”
- “မှာစရာရှိတာအကုန်မှာခဲ့ပြီး အေးအေးချမ်းချမ်းနဲ့ ဝေဒနာမခံစားရဘဲ နေသွားချင်တယ်။”
- “အိမ်ထဲမှာပဲ မိသားစုဝင်တွေနဲ့အတူ သိုက်သိုက်ဝန်းဝန်း နေသွားချင်တယ်။”

စကားအစ်အောက်ကြည့်ခြင်း- အောက်ပါအချက်တွေထဲမှာ မင်းအတွက် အရေးအကြီးဆုံးက ဘာတွေပါလဲ။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုအကြောင်းစဉ်းစားရန် အဓိက စံတန်ဖိုးများ၊ ရည်မှန်းချက်များနှင့် တိုက်တွန်းအားပေးမှုများ-**

**မိဘကောင်းတစ်ယောက်ဖြစ်ရန်**
**ကြံ့ခိုင်သန်မာရန်**
**ငွေရေးကြေးရေးကိစ္စရပ်များ**
**အချိန်ကျရောက်လာချိန်တွင် ထိန်းသိမ်းနိုင်စွမ်းရှိရန်**
**စည်းစည်းလုံးလုံးရှိရန်**
**အကောင်းမြင်စိတ်ဖြင့်သာ ကြည့်မြင်နိုင်ရန်။**
**ဇနီးခင်ပွန်းကောင်း/လက်တွဲဖော်ကောင်း တစ်ယောက်ဖြစ်ရန်**
**ညှာတာတတ်ရန်**
**ဘာသာရေးဆိုင်ရာ/ဘာသာတရား**
**အချိန်ကျရောက်လာချိန်တွင် အေးအေးချမ်းချမ်းကျော်ဖြတ်သွားနိုင်ရန်**
**ဝန်ထုပ်ဝန်ပိုးတစ်ခုဟု အထင်အမြင်မခံရစေရန်**
**စိတ်အေးချမ်းသာစွာနေနိုင်ရန်**



## စကားအစ်ထုတ်ရန် စကားလမ်းကြောင်းပြောင်းပါ

> ဘဝရဲ့နိဂုံးအချိန်မှာ မင်းရဲ့စိုးရိမ်သောကတွေကို မင်းမိသားစုနဲ့ ပြောကြည့်ဖူးလား။
>
> ဘဝရဲ့နိဂုံးအချိန်မှာ မင်းရဲ့စိုးရိမ်သောကတွေကို မင်းဆရာဝန်နဲ့ ပြောကြည့်ဖူးလား။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ကျွန်ုပ်အတွက် သင့်လျော်ခြင်း ရှိပါသလား။**

စကားအစ်အောက်ကြည့်ခြင်း- အဲဒါက ဘယ်လိုဖြစ်တာလဲ။

စကားအစ်အောက်ကြည့်ခြင်း- ဘာကြောင့် အဲဒီလိုခံစားရတာလဲ။

စဉ်းစားရန်- စိုးရိမ်ပူပန်မှုတွေကို မခံစားချင်တော့ဘူးလို့ သင် စပြီးတွေးမိလာသည်။ မသေချာမရေရာမှုက သင့်ကို အနည်းငယ်ပိုစိုးရိမ်လာစေသည်။

အနာဂတ်နှင့် ပတ်သက်ပြီး မသေချာမရေရာသည့် ခံစားချက်က သင့်ကို စိတ်အနှောင့်အယှက်စတင်ဖြစ်ပေါ်လာစေသည်။ တစ်ချိန်လုံး စိတ်မပူနေချင်တော့သလို သင်ခံစားလာရနိုင်ပါသည်။ အနာဂတ်ခရီးတစ်ခုအတွက် စတင်စီစဉ်ခြင်းက မည်သို့မည်ပုံဖြစ်မည်ကို သင်သိချင်နေပေလိမ့်မည်။

## နောက်အဆင့်များ

> နာတာရှည်ဆေးရုံဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ယနေ့တွင် ဆုံးဖြတ်ချက်မချရသော်လည်း၊ ဤအခက်အခဲများအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးရန် အခြေအနေကောင်း ရှိနေပါသေးသည်။
>
> သင်၏ကင်ဆာရောဂါကုသရေးအဖွဲ့တွင် သင့်နှင့် သင့်မိသားစုအား နာတာရှည်ဆေးရုံဝန်ဆောင်မှုမှ မည်ကဲ့သို့ ကူညီပေးနိုင်သည်ဆိုသည့် အချက်အလက်များ ရှိသည်။

**“နဓာက်ထပ် ဘာတွဖေစြ်လာမှာလဲ။”**

စကားအစ်အဓာက်ကညြ့်ခင်ြး- ဒီစကားဝိုင်းမှာ ဒီနဓ့ တိုတွမေပပြောဆိုဖစြ်ခဲ့ပမေ့ဲ နဓာက်ပိုင်းမှစဉ်းစားမိခဲ့တဲ့ အခငြ်းအချက်လဓေးတွရှေိလာလား။

စဉ်းစားရန်- ကညြ့်ရသလဓာက်တဓာ့ အဓာက်ပါတိုကို သင်စဉ်းစားချင်နပေုံရပါသည်-

**နဓာက်အဆင့်များ-**

- **ကိုယ့်ဘဝရဲ့နောက်ဆုံးအချိန်မှာ ကိုယ်လိုချင်တဲ့အရာကို စဉ်းစားဖို့ အချိန်ပိုယူရလိမ့်မယ်။**
- **ကျွန်ုပ်၏လက်တွဲဖော်/ခင်ပွန်း/ဇနီးဖြစ်သူတို့နှင့် တိုင်ပင်ရဦးမယ်။**
- **ကျွန်ုပ်၏မိသားစုဝင်များ၊ မိတ်ဆွေများနှင့် တိုင်ပင်လိုက်ပါဦးမည်။**
- **ကျွန်ုပ်၏ကင်ဆာအထူးကုဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်လိုက်ပါဦးမည်။**

စဉ်းစားရန်- သင်ရည်မှန်းထားသည့် စဓာင့်ရှဓာက်မှုကို သင့်မိသားစုနှင့် တိုင်ပင်ဆွေးနွေးလိုပုံရပါသည်။



MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees
of the Blue Cross and Blue Shield Association